တရားမပုံစံ-၉၄

**ဤပုံစံကို အသုံးပြုရန်အတွက် တရားမပုံစံအမှတ်-၉၆ ကိုကြည့်**

**ကြော်ငြာကပ်ရန်နေရာများ**
(၁)အချင်းဖြစ်နေအိမ်
(၂ )သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးရုံး၊ မြင်းခြံမြို့
(၃)အသေးစားအလတ်စားဘဏ်ခွဲ၊ မြင်းခြံမြို့
(၄)မြင်းခြံခရိုင်တရားရုံး
(၅)ရုံးလက်ခံ/အမှုတွဲလက်ခံ

# ရောင်းရန်ကြော်ငြာစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆ )**

**မြင်းခြံခရိုင် တရားရုံးတော်၌**

**၂၀၁၉ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၂၇**

| | | |
|---|---|---|
| အသေးစားနှင့်အလတ်စားစက်မှု လုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်(၎င်း၏ ကိုယ်စားဘဏ်ခွဲတာဝန်ခံ-ဒေါ်ထက်စုလင်း) | နှင့် | ၁။ ဦးအေးငွေ<br>၂။ ဒေါ်လှလှမြင့် |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံး)** |

မြင်းခြံခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၆၈/၂၀၁၈ အမှု၌ (၁၇.၇.၂၀၁၉)ရက်နေ့တွင် ရရှိခဲ့သော အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းများကို **၂၀၂၃-ခုနှစ်၊ ဒီဇင်ဘာ လ ( ၂၁ )ရက် (၁၃၈၅-ခုနှစ်၊နတ်တော်လဆန်း (၉)ရက်)နံနက်(၁၀း၀၀)နာရီ**တွင် ၎င်းပစ္စည်းများတည်ရှိရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

<u>လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ</u>

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း၊ တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်ထားသည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်သည်။ သို့သော် အမြင့်ဆုံး ပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချခြင်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ်(၁၀၀)လျှင် (၂၅)ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက်နေ့ချင်း ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ရရှိသူသည် (၂၅)ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ (၁၅)ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ (၁၅)ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါရက်တွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၃-ခုနှစ်၊ နိုဝင်ဘာ လ ၆ ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

( တင့်တင့်ဌေး )
ခရိုင်တရားသူကြီး

## ပစ္စည်းစာရင်း

မြင်းခြံမြို့၊ အမှတ်(၆)ရပ်ကွက်အတွင်းရှိ အကွက်အမှတ်(၂၃၈/ပြောင်းပြာ)၊ ဦးပိုင်အမှတ်(၁၃၈) ၊မြို့မြေ၊ ဂရန်မြေ၊ ဧရိယာ(၀.၀၉၆)ဧကရှိ ဦးအေးငွေ အမည်ပေါက် ဝိုင်းမြေကွက်နှင့် ယင်းဝိုင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ်အုတ်ညှပ်အဆောက်အဦ(၁)လုံး၊ အာရ်စီ(၁)ထပ်တိုက်(၁)လုံး၊သစ်စက်အဆောက်အဦ(၁)လုံးနှင့်သန့်စင်/ ရေချိုးခန်းပါ အဆောက်အဦ(၁)လုံး တို့အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။

လေလံကြမ်းခင်းဈေး = ကျပ်သိန်း(၃၇၀၀)
အရောင်းကြော်ငြာသွင်းရန်နေ့ = ၂၀.၁၁.၂၀၂၃
ရောင်းချမည့်နေ့ရက် = ၂၁.၁၂.၂၀၂၃
အစီရင်ခံစာပြန်တင်ရန်နေ့ရက် = ၂၂.၁၂.၂၀၂၃

တရားမပုံစံအမှတ်

**အပေါင်မှုတွင် အပြီးသတ်ဒီကရီအရ ပစ္စည်းကို ရောင်းချရန်ဝရမ်း**

**(တရားမကျင့်ထုံးဥပဒေအမိန့် ၃၄၊ နည်းဥပဒေ ၅(၂)နှင့် ၈(၄) )**

**မြင်းခြံခရိုင်တရားရုံးတော်၌**

**၂၀၂၁- ခုနှစ်၊ တရားမဇာရီမှုအမှတ် ၂**

| | | |
|---|---|---|
| အသေးစားနှင့်အလတ်စားစက်မှု | နှင့် | ၁။ ဦးအေးငွေ |
| လုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်(၎င်း၏ ကိုယ်စားဘဏ်ခွဲတာဝန်ခံ-ဒေါ်ထက်စုလင်း) | | ၂။ ဒေါ် လှလှမြင့် |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံး)** |

**အပေါင်ပစ္စည်းကို ရောင်းချ/ရွေးနုတ်ရန်စွဲဆိုမှု**

**မြင်းခြံခရိုင်တရားရုံးတော် ဘီလစ် သိစေရမည်။**

ဤအမှုတွင် ချမှတ်သော အပြီးသတ်ဒီကရီအရ အောက်ဖော်ပြပါ ပစ္စည်းများကိုဖြစ်စေ၊ ငွေပြေလည်ရုံမျှ ပစ္စည်းအချို့ကိုဖြစ်စေ ဤရုံးဘီလစ်က ရောင်းချရမည်။ ထို့ပြင် (ရောင်းချသည်တွင် ကုန်ကျသော စရိတ်များကို ၎င်းရောင်းရငွေထဲမှ ထုတ်နုတ်ပြီးနောက်) ၎င်းရောင်းရငွေကို ရုံးတွင် ပေးသွင်းစေရမည်။

ထို့ပြင် ( ၃၀ )ရက်ကြိုတင်၍ အကြောင်းကြားစာကို ဤရုံးတော်တွင် ကပ်ထားပြီးလျှင် နေရာတကျ ကြော်ငြာစာထုတ်ပြီးနောက် ဆိုခဲ့သောပစ္စည်းကိုဖြစ်စေ၊ ငွေ( - )ကို ကျေအေးပြေလည်လောက်သော ပစ္စည်းအချို့ကို ဖြစ်စေ လေလံတင်ရောင်းချရမည်။ ဤဝရမ်းကို အတည်ပြုရလျှင် မည်သို့ပြုလုပ်ခဲ့ရကြောင်း၊ အတည်မပြုလုပ်လျှင် မည်သည့်အကြောင်းကြောင့် အတည်မပြုလုပ်ခဲ့ရကြောင်းကို ဝရမ်းကျောဘက်တွင် သက်သေခံရေးသား၍ **၂၀၂၃-ခုနှစ်၊ နိုဝင်ဘာ လ ၂၂ ရက်နေ့**၌ဖြစ်စေ၊ ၎င်းနေ့နရက်မတိုင်မီဖြစ်စေ ပြန်သွင်းရမည်။

၂၀၂၃-ခုနှစ်၊ နိုဝင်ဘာ လ ၂၀ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

တံဆိပ်

တရားသူကြီး။

**<u>ပစ္စည်းစာရင်း</u>**

မြင်းခြံမြို့၊ အမှတ်(၆)ရပ်ကွက်အတွင်းရှိ အကွက်အမှတ်(၂၃၈/ပြောင်းပြာ)၊ ဦးပိုင်အမှတ် (၁၃၈) ၊မြို့မြေ၊ ဂရန်မြေ၊ ဧရိယာ(၀.၀၉၆)ဧကရှိ ဦးအေးငွေ အမည်ပေါက် ဝိုင်းမြေကွက်နှင့် ယင်းဝိုင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ်အုတ်ညှပ်အဆောက်အဦ(၁)လုံး၊ အာရ်စီ(၁)ထပ်တိုက်(၁)လုံး၊သစ်စက်အဆောက်အဦ(၁)လုံးနှင့်သန့်စင်/ ရေချိုးခန်းပါ အဆောက်အဦ(၁)လုံး တို့အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။

လေလံကြမ်းခင်းဈေး = ကျပ်သိန်း(၃၇၀၀)
အရောင်းကြော်ငြာသွင်းရန်နေ့ = ၂၀.၁၁.၂၀၂၃
ရောင်းချမည့်နေ့ရက် = ၂၁.၁၂.၂၀၂၃
အစီရင်ခံစာပြန်တင်ရန်နေ့ရက် = ၂၂.၁၂.၂၀၂၃